


**VOLUME IV, ISSUE 13** 9 October 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား | ၂ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး | ၈ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား၊ မလွှကုန်းယာဒ်ဝင်း ဇရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ နှင့် ဂျောင်ဝိုင်းလွန်းကျင်းလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး | ၁၁ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ် | ၁၅ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား | ၁၇ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ | ၂၀ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ | ၂၃ |
| ၉ | ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး “(၁၂) ကြိမ်မြောက် အာရှ - ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာ ဥပဒေဖိုရမ်” သို့ အွန်လိုင်းဖြင့် တက်ရောက် | ၂၅ |
| ၁၀ | ပြည်ထောင်စုဝန်ကြီးများ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာ နိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ | ၂၆ |
| ၁၁ | ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၄၅) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး | ၂၇ |
| ၁၂ | (၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီး များအစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး  ဦးမင်းနောင် တက်ရောက်ဆွေးနွေး | ၂၉ |
| ၁၃ | ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက် | ၃၀ |
| ၁၄ | ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့၏ (ပထမအကြိမ်) စွမ်းအင်ဖိုရမ်သို့ တက်ရောက် | ၃၂ |
| ၁၅ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယနိုင်ငံ၊ HMT International Ltd. ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၃၄ |
| ၁၆ | ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ National Research Nuclear University (Moscow Engineering Physics Institute-MEPhI) တက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများရေးထိုး | ၃၅ |
| ၁၇ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၃၆ |
| ၁၈ | အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများတွေ့ရှိရသဖြင့် ကုန်ရထားခရီးစဉ်များ ကြန့်ကြာမှုဖြစ်ပွား | ၃၈ |
| ၁၉ | ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတို့တွင် ရထားလမ်းများ ရေကျော်နေသဖြင့် လူစီးရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့ | ၃၉ |
| ၂၀ | ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်း များ ဆောင်ရွက် | ၄၁ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက်



၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ သဝဏ်လွှာပေးပို့ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကောက်နုတ်ချက်မှာ-

- မြန်မာနိုင်ငံတွင် ဆရာ့ကျေးဇူးကို အထူးသိမြင်ပြီး ပူဇော်ဦးခိုက်ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာကတည်းကပင်တည်ရှိခဲ့ပြီး ယနေ့ထက်တိုင်လည်း တည်တံ့ခိုင်မြဲလျက်ရှိကြောင်း။

- ဆရာများက ကျောင်းသားကျောင်းသူ လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာများကို အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးကြမှသာ လူ့ဘဝခရီးတွင် ကြုံတွေ့လာနိုင်သည့်အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းကျော်လွှားကာ လုပ်ငန်းအောင်မြင်မှုများကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း။

- ဆရာကောင်းတို့ရှိမှသာ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်တို့ ပညာပြည့်ဝနှလုံးလှကြကာ နိုင်ငံနှင့် လူမျိုးအကျိုးကို အားကြိုးမာန် တက်ထမ်းရွက်နိုင်ကြပြီး နိုင်ငံ၏အလှ၊ နိုင်ငံ၏ဂုဏ်ကို ဖော်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း။

- နိုင်ငံ၏အရွယ်အစား ကြီးခြင်း၊ ငယ်ခြင်းထက် ထိုနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် အရည်အသွေးအပေါ်မူတည်ပြီး ပညာရေးအဆင့်အတန်းမြင့်မားသော နိုင်ငံသည်ပိုမိုဖွံ့ဖြိုးတိုးတက်ကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

- သာယာဝပြောပြီး ငြိမ်းချမ်းသောအနာဂတ်လူ့ဘောင်ကို တည်ထောင်နိုင်ရန် ထူးချွန်ထက်မြက်ပြီး ပညာတတ်သော ဗလငါးတန်နှင့် ပြည့်စုံသည့် အနာဂတ် မျိုးဆက်သစ် လူငယ်လူရွယ်များစွာ လိုအပ်လျက်ရှိကြောင်း။

- **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသော စကားနှင့်အညီ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ပြီး ပညာတတ်သောလူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ပညာပြည့်ဝနှလုံးလှသည့် ဆရာကောင်း ဆရာမြတ်များ လိုအပ်လျက်ရှိကြောင်း။

ထို့အတွက်ကြောင့် **"The teachers we need for the education we want: The global imperative to reverse the teacher shortage"** ဟူသော ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဦးတည်ချက်နှင့်အညီ ကျွန်ုပ်တို့မျှော်မှန်းသောပညာရေးအတွက် လိုအပ်သောဆရာများ ဖြည့်ဆည်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ယနေ့ကျရောက်သော ကမ္ဘာ့ဆရာများနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ အလေးအနက်ထား တိုက်တွန်းအပ်ကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၅-၁၀-၂၀၂၃)**

- **ဆရာကောင်းတို့ရှိမှသာ တိုင်းပြည်၏အနာဂတ်ကို ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်တို့ ပညာပြည့်ဝနှလုံးလှကြကာ နိုင်ငံနှင့်လူမျိုးအကျိုးကို အားကြိုးမာန်တက်ထမ်းရွက်နိုင်ကြပြီး နိုင်ငံ၏အလှ၊ နိုင်ငံ၏ဂုဏ်ကို ဖော်ဆောင်နိုင်ကြမည်ဖြစ်။**
- **သာယာဝပြောပြီး ငြိမ်းချမ်းသောအနာဂတ်လှ့ဘောင်ကို တည်ထောင်နိုင်ရန် ထူးချွန်ထက်မြက်ပြီး ပညာတတ်သော ဗလငါးတန်နှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များစွာ လိုအပ်လျက်ရှိ။**
- **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသော စကားနှင့်အညီ စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ပြီး ပညာတတ်သောလူငယ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်အတွက် ပညာပြည့်ဝနှလုံးလှသည့် ဆရာကောင်း ဆရာမြတ်များ လိုအပ်လျက်ရှိ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်း (၂) နှစ်မြောက် နှစ်ပတ်လည်တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြား

မြန်မာ့ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ပင်လယ်ပြာစီးပွားရေးလုပ်ငန်းများအား ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများအား တားဆီးကာကွယ်ရန်၊ ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာမှု အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရေးပေါ်အချိန်တွင် တပ်မတော်(ရေ)အား အထောက်အကူပြုနိုင်ရန် စသည့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ အောက်တိုဘာ ၆ ရက်တွင်စတင်ဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ ဖွဲ့စည်းခြင်း ၂ နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာလ ၆ ရက်တွင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အထိမ်းအမှတ်တွေ့ဆုံပွဲ၌ အရာရှိ၊ စစ်သည်များအား အမှာစကားပြောကြားရာတွင်-

- မြန်မာနိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုးတန်း ပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ်းရိုးတန်းတစ်လျှောက် တွင်လည်း ကျွန်းပေါင်းများစွာရှိကာ သဘာဝကပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများ များစွာရှိကြောင်း။
- နိုင်ငံတော်၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းကို အလုံးစုံကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်(ရေ)အပြင် ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေးတာဝန်များကို အဓိကထမ်းဆောင်နိုင်မည့် ကမ်းခြေစောင့်တပ်ဖွဲ့တစ်ခုရှိသင့်သည်ဟု ယူဆ၍ ယခင်ကတည်းကပင် ကြိုတင်ပြင်





ဆင်မှုများ ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများ၏ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းတည်ဆောက်ပုံများကို အချိန်ယူလေ့လာ ဆောင်ရွက်ခဲ့ရကြောင်း။

- ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် ကမ်းရိုးတမ်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင်အတွင်း နယ်နိမိတ်၏ တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်ကြောင်း။
- ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှုအကူအညီပေးရေး ကဏ္ဍများကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း။
- ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ၌ ပြည်တွင်း၊ ပြည်ပမှ ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာလျှင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။
- အုပ်ချုပ်ရေးပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ပြီး စည်းကမ်းစနစ်တကျဆောင်ရွက်ခြင်းဖြင့် မိမိတို့တပ်ဖွဲ့၏ အုပ်ချုပ်မှုကောင်းခြင်းကို ပြသနိုင်ရန်လိုကြောင်း။
- သက်သာချောင်ချိရေးပိုင်းနှင့်ပတ်သက်၍ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခြင်းဖြင့် တစ်ဦးချင်းစီ၏ သက်သာချောင်ချိမှုကို တည်ဆောက်သွားရန် လိုအပ်သကဲ့သို့ တပ်ဖွဲ့မှလည်း တစ်ဦးချင်းသက်သာချောင်ချိမှုရှိစေရေး တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။
- မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် နှစ်နှစ်တာကာလအတွင်း ပိုင်နက်ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ယခုထက် ပိုမိုသည့်စွမ်းဆောင်ရည်ကို ပြသသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။
- ကမ်းခြေစောင့်တပ်ဖွဲ့ကို စံပြုတပ်ဖွဲ့တစ်ခုဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် စွမ်းရည်ထက်မြက်သည့် တပ်ဖွဲ့တစ်ခုအဖြစ် ဆက်လက်ရပ်တည်သွားနိုင်ကြရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည်-

- ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှု နှစ်နှစ်တာကာလအတွင်း ပင်လယ်ပြင်တရားဥပဒေစိုးမိုးရေး လုပ်ငန်းတာဝန်များနှင့် ရှာဖွေကယ်ဆယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့။

- ကမ်းခြေစောင့်တပ်ဖွဲ့တာဝန်ထမ်းဆောင်မှုဂုဏ်ပြုတံဆိပ်ကို ပေးအပ်ရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြု ပြန်လည်ပေးအပ်ခဲ့။
- အခမ်းအနား တက်ရောက်လာကြသည့် ကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့။
- ကမ်းခြေစောင့်တပ်ဖွဲ့ကွပ်ကဲမှုဌာနချုပ်အတွင်း လှည့်လည်၍ နိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက် ရာသီဥတုအခြေအနေနှင့် လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့် သတင်းအချက်အလက်စုဆောင်းမှုစနစ်ဖြင့် တာဝန်ထမ်းဆောင်နေမှုများ၊ တပ်ဖွဲ့ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုများ၊ စာကြည့်တိုက်ပြုလုပ်ထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့။
- ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေယာဉ်များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- ကမ်းခြေစောင့်တပ်ဖွဲ့ဌာနချုပ်အတွင်း လှည့်လည်၍ အရာရှိ၊ စစ်သည် မိသားစုများအတွက် နောင်ရိုးသောက်ရေသန့်စက်ရုံ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုနှင့် အိမ်ထောင်သည်လိုင်းခန်းများအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကိုကို

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ၂၀၂၁ အောက်တိုဘာလ ၆ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး တပ်ဖွဲ့ဖွဲ့စည်း ခြင်း ၂ နှစ်မြောက် နှစ်ပတ်လည်နေ့ တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာလ ၆ ရက်တွင်ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တက်ရောက်ဂုဏ်ပြုအမှာစကား ပြောကြားခဲ့။**
- **ကမ်းခြေစောင့်တပ်ဖွဲ့၏ သဘောသဘာဝသည် ကမ်းရိုးတမ်းတစ်လျှောက်နှင့် ပိုင်နက်ပင်လယ်ပြင်အတွင်း နယ်နိမိတ်၏ တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးတာဝန်များကို ထမ်းဆောင်ရခြင်းဖြစ်။**
- **ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍများကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ပြီး ရေကြောင်းအကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်။**
- **ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ၌ ပြည်တွင်း၊ ပြည်ပမှ ချမှတ်ထားသည့် ရေကြောင်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိနားလည်ထားမှသာလျှင် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာ၌ ပိုမိုလွယ်ကူမည်ဖြစ်ပြီး နိုင်ငံတကာနှင့်လည်း တွင်တွင်ကျယ်ကျယ် ဆက်ဆံဆောင်ရွက်နိုင်မည်ဖြစ်။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က ရည်မှန်းချက်တာဝန်ထမ်းဆောင်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်တပ်ဖွဲ့ တပ်နှစ်ပတ်လည်နေ့အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကမ်းခြေစောင့်တပ်ဖွဲ့တွင် စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်နိုင်ခဲ့ကြသည့် အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံ၏ ပိုင်နက်ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက် ရာသီဥတုအခြေအနေနှင့် လှုပ်ရှားမှုများကို အချိန်နှင့်တစ်ပြေးညီစောင့်ကြည့် သတင်းအချက်အလက် စုဆောင်းမှုစနစ်ဖြင့် တာဝန်ထမ်းဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရေယာဉ်များမှ အရာရှိ၊ စစ်သည်များ၏ အလေးပြုခြင်းကိုခံယူနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကမ်းခြေစောင့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရေယာဉ်များအား ကြည့်ရှုစစ်ဆေးနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကမ်းခြေစောင့်တပ်ဖွဲ့တွင် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၆ ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မော်ဝန်းချောင်းကြား နေရာရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေး ဇုန်ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ တွံ့တေးမြို့နယ်ရှိ ရွှေမုယင်းငါးကန်နှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးမှု၊ ပြည်ပနိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ပြောင်းစိုက်ပျိုးထုတ်လုပ်မှု နှိုင်းယှဉ်တင်ပြချက်များနှင့်ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

- တိုင်းဒေသကြီးအတွင်း ဝယ်လိုအားနှင့် ရောင်းလိုအား မျှတစေရန်နှင့် အခြေခံစားကုန်များ ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ အသား၊ ငါးနှင့် ရာသီသီးနှံများ ထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

- ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့် ခြင်းကြောင့်ဖြစ်ပြီး စားသုံးမှုလိုအပ်ချက်ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

- ဥစားကြက်၊ ဘဲမွေးမြူရေးနှင့်ပတ်သက်၍ ဥထွက်ရှိမှုပမာဏ၊ ဥသည့် အချိန်ကာလတို့ကို စနစ်တကျ တွက်ချက်ချိန်ညှိ၍ အသုတ်လိုက် မွေးမြူသည့်စနစ်ဖြင့် စဉ်ဆက်ပြတ်မှုမရှိစေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ အမှာစကားပြောကြားနေမှု**

- နိုင်ငံအတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးသီးနှံများကို နည်းစနစ်ကျနစွာဖြင့် ထုတ်လုပ်နိုင်မည့် မြေအရင်းအမြစ်များစွာရှိပြီးဖြစ်သဖြင့် ခေတ်စနစ်နှင့်လျော်ညီသည့် စိုက်ပျိုးရေးထုတ်ကုန်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။
- ပြည်ပနိုင်ငံများသို့ သွားရောက်လေ့လာမှုမှ ရရှိလာသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတွေ့အကြုံများနှင့် နည်းစနစ်များကိုအသုံးချ၍လည်း မိမိတို့နိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်တွင် မွေးမြူထားရှိသည့် ငါးအမျိုးအစား နမူနာပြသထားရှိမှုများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ခင်းကျင်းပြသထားမှုများ၊ မွေးမြူရေးဇုန်အတွင်းရှိ ငါးသားဖောက်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ငါးသားပေါက်မွေးမြူထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**
- **ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဇုန်များဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံ ဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်။**
- **ကုန်ဈေးနှုန်းကြီးမြင့်ရခြင်းမှာ သွင်းအားစုများနှင့် လုပ်အားခများ ဈေးနှုန်းကြီးမြင့်ခြင်းကြောင့်ဖြစ်ပြီး စားသုံးမှုလိုအပ်ချက်ကို လုံလောက်စွာထုတ်လုပ်နိုင်မည်၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့ချနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့မီးရထား၊ မလွှကုန်းယာဒ်ဝင်း ဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများနှင့် ဂျောင်ဝိုင်းလွန်းကျင်းလုပ်ငန်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၇ ရက်တွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့မီးရထား၊ မလွှကုန်းယာဒ်ဝင်း ဧရိယာအတွင်း စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဂျောင်ဝိုင်းကျေးရွာရှိ ဂျောင်ဝိုင်းလွန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွှကုန်း)စက်ရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား မှာကြားရာတွင်-

- သယ်ယူပို့ဆောင်ရေးစနစ်တွင် ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းပို့ဆောင်ရေး ဟူ၍ရှိပြီး ရထားဖြင့် ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်သက်သာစွာဖြင့် ကုန်ပစ္စည်းများကို ပို့ဆောင်နိုင်သဖြင့် အကျိုးအရှိဆုံး ပို့ဆောင်ရေးစနစ်ဖြစ်ကြောင်း။
- သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လိုကြောင်း။
- ရထားစက်ခေါင်းများ၊ တွဲများ၊ သံလမ်းများကို ကိုယ်တိုင်ထုတ်လုပ်နိုင်ရမည်၊ ခေတ်မီသည့် ရထားသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်နိုင်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားအသုံးပြုသည့် မီးရထားစက်ခေါင်းများကို ထုတ်လုပ်နိုင်ရန်လိုကြောင်း။
- ရထားလမ်းများကောင်းမွန်မှသာလျှင် ရထားစက်ခေါင်းများ၊ ရထားတွဲများကြံ့ခိုင် ကောင်းမွန်မည်ဖြစ်သည့်အတွက် မီးရထားလမ်းများစနစ်တကျရှိပြီး ကြံ့ခိုင်မှုရှိစေရေးအတွက်လည်း ကျောက်ထည့်သွင်းခြင်း၊ ဇလီဖားတုံးများထည့်သွင်းခြင်းတို့ကို စံချိန်စံနှုန်းပြည့်မီရန်နှင့် နည်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

- ရထားခရီးစဉ်ပြေးဆွဲမှု အချိန်ဇယားများကိုလည်း တိကျမှန်ကန်သည့်စနစ်ဖြစ်ရန်လိုကြောင်း မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည်-

- ဒီဇယ်စက်ခေါင်းပြင်စက်ရုံ(မလွကုန်း)အတွင်း စက်ခေါင်းများ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့။

- မလွကုန်းတွဲပြင်အလုပ်ရုံ၌ ဂျပန်နိုင်ငံ West Corporation မှ မြန်မာ့မီးရထားသို့ လှူဒါန်းထားသည့် RBE အစီး ၃၀ နှင့် RBE ရထားများ အတွင်းပိုင်းအပြင်အဆင်များနှင့် စက်ပိုင်းဆိုင်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့။

- လွန်ခဲ့သည့်နှစ်ပေါင်းများစွာက မြန်မာ့မီးရထားတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းများအား ပြန်လည်အသုံးပြုနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်နှင့် စနစ်တကျထိန်းသိမ်းထားရှိရန်မှာကြားကာ မလွကုန်းယာဒ်ဝင်းဧရိယာအတွင်း စက်ရုံ၊ အလုပ်ရုံများမှ မီးရထားဝန်ထမ်းများအတွက် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂျောင်ဝိုင်းလွန်းကျင်း အဆောက်အဦသို့ ခန်းမ၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ်-

- ယခုလွန်းကျင်းသည် လုပ်ငန်းဆောင်ရွက်မှုမရှိသည်မှာ ကြာမြင့်ပြီဖြစ်ပြီး လွန်းကျင်းအား ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်း ဆောင်ရွက်၍ အကျိုးရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

- ရေယာဉ်တည်ဆောက်ရေးနှင့် ပြင်ဆင်ရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန် လိုအပ်သည်များ ပြန်လည်ဆောင်ရွက်ပေးရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေစေရေး နေအိမ်လိုင်းခန်းများနှင့် အခြားအဆောက်အဦများ ထည့်သွင်းနိုင်ရေးအတွက်လည်း ကြိုတင်စဉ်းစားဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျောင်ဝိုင်းလွန်းကျင်းအတွင်းရှိ လွန်းဆွဲရုံ၊ ရေလုံလွန်းကျင်းနှင့် လွန်းလမ်းများ၊ လွန်းကျင်းအဝင်နှင့် ဆိပ်ခံတံတားအနီးတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လွန်းကျင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၀-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာ့မီးရထား၊ မလွကုန်းယာဒ်ဝင်းဧရိယာအတွင်း စက်ရုံ၊ အလုပ်ရုံများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဂျောင်ဝိုင်းလွန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။**

- **သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်သက်သာခြင်းသည် ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝ သက်သာချောင်ချိရေးကို တိုက်ရိုက်အထောက်အကူပြုနိုင်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသဖြင့် ရထားသယ်ယူပို့ဆောင်ရေးကို မြှင့်တင်ရန်လို။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက စက်ရုံ၊ အလုပ်ရုံတစ်ခုချင်း၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် RBE ရထားများ၏ အတွင်းပိုင်းအပြင်အဆင်များကို ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မလွှကုန်းယာဒ်ဝင်းအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ မီးရထားဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်  ဂျောင်ဝိုင်းလွန်းကျင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာလ ၄ ရက်တွင် ပြင်ဦးလွင်မြို့၊ တပ်မတော်နည်းပညာတက္ကသိုလ်၌ပြုလုပ်သည့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်ခဲ့ပါသည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ နည်းပညာဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက်ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့် ၎င်းတို့စိတ်ပါဝင်စားမှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြပါသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ပညာတန်ဆောင်ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ပြီးနောက် နေ့လယ်ပိုင်းတွင် စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၀-၂၀၂၃)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တာဝန်ရှိသူများသည် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၆) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ နည်းပညာဘာသာရပ်ပိုင်းဆိုင်ရာများနှင့် လေ့ကျင့်ရေးပိုင်းဆိုင်ရာတို့တွင် နှစ်အလိုက်ထူးချွန်ထက်မြက်မှု၊ စည်းကမ်းလိုက်နာမှု၊ ကြိုးစားအားထုတ်မှုနှင့် ၎င်းတို့စိတ်ပါဝင်စားမှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





National Database စနစ်တည်ဆောက်ရေး ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၆ ရက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားခဲ့ပါသည်။

National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်-

- မိမိတို့နိုင်ငံတွင် Digital စနစ်ကိုကူးပြောင်းပြီး e-Government စနစ် ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ် မေလ ၂၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၇/၂၀၂၂ ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်၊ ၁၅၉/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။
- National Database စနစ် တည်ဆောက်ရေးဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များသည် e-ID စနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် မူဝါဒများ ချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်အကောင်အထည်ဖော်ရန် ကြီးကြပ်လမ်းညွှန်ခြင်း၊ e-ID စနစ်အတွက် လိုအပ်သည့် နည်းလမ်းရရှိရန်အတွက် G to G ရရှိ နိုင်ရေးကူညီဆောင်ရွက်ခြင်း၊ နိုင်ငံတော်လုံခြုံရေးအရ ပြည်ပကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစိုးရများမှ တိုက်ရိုက်ဝင်ရောက်လုပ်ဆောင်မှုများဖြစ်ပေါ်ခြင်းမရှိစေရန် ကြီးကြပ်ခြင်း၊ နည်းပညာကျွမ်းကျင်သည့်လူ့စွမ်းအားအရင်းအမြစ်ရရှိရေး ဖြည့်တင်းဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ကြောင်း။
- e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် တာဝန်ပေးအပ်ခဲ့ပြီး အဖွဲ့ ဝင် ၂၉ ဦး ပါဝင်သည့် e-ID စနစ် လုပ်ငန်းကော်မတီကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။
- e- ID စနစ် လုပ်ငန်းကော်မတီအောက်တွင် e-ID စနစ် အကောင်အထည်ဖော်ရေး ကြီးကြပ်မှုဆပ်ကော်မတီ၊ စီမံချက်ရေးဆွဲရေးဆပ်ကော်မတီ၊ ဥပဒေနည်းဥပဒေ ရေးဆွဲရေး



ဆပ်ကော်မတီ၊ နည်းပညာနှင့် တင်ဒါရေးဆွဲရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေဆိုင်ရာဆပ်ကော်မတီ၊ ပြန်ကြားရေးဆိုင်ရာဆပ်ကော်မတီ စသည့် ဆပ်ကော်မတီ ၆ ခုကိုလည်း ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း။

- e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ကိုယ်ရေးအချက်အလက်များ (Biographic Data) ကောက်ယူပြီး Database အတွင်း ထည့်သွင်းခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် Unique ID (UID) နံပါတ်ထုတ်ပေးခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကတ်ပုံစံအလွတ်များ ထုတ်လုပ်ခြင်း၊ ကတ်ပုံစံအလွတ်များတွင် ကိုယ်ရေးအချက်အလက်များထည့်သွင်းခြင်းနှင့် e-ID စနစ် လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲခြင်း စသည့်အဆင့်(၅)ဆင့်နှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- National Indentification System တွင် နိုင်ငံသားဖြစ်ခြင်းနှင့် မဖြစ်ခြင်း မသက်ဆိုင်ဘဲ နိုင်ငံအတွင်း၌ တရားဝင်နေထိုင်သည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားအားလုံးတို့၏ ကိုယ်ရေးအချက်အလက်နှင့် သက်ဆိုင်ကြောင်း၊ နည်းစနစ်ကို မဏ္ဍိုင်ထားပြီး နိုင်ငံတော်အစိုးရအဖွဲ့အောက်တွင်ရှိသည့် ဝန်ကြီးဌာနများနှင့် အလွှာပေါင်းစုံက Database များကလည်း မှီခိုချိတ်ဆက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်ခြင်းနှင့် မဖြစ်ခြင်း၊ ဧည့်နိုင်ငံသား၊ ပြုနိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်းကို စိစစ်ရမည်မှာ e-ID Database ထဲမှ ကိုယ်ရေးအချက်အလက်များပေါ် မူတည်ပြီး သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စိစစ်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း။

- e-ID စနစ်အတွက် လုပ်ငန်းဆောင်ရွက်မှု အဆင့် ၁ အနေဖြင့် နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်မှတ်တမ်း (နိုင် - ၄) ၅၂ သန်းကျော်နှင့် အိမ်ထောင်စု လူဦးရေစာရင်းပုံစံ (၆၆/၆) ၁၃ သန်းကျော် တို့ကို e-ID Database အတွင်း ၁၀၀ ရာခိုင်နှုန်း ထည့်သွင်းပြီးစီးခဲ့ပြီးဖြစ်ကြောင်း။

- e-ID Database အတွင်းရှိ အချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိစေရန်အတွက် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်း အတာအနေဖြင့် ကော်မတီများဖွဲ့၍ ယခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ ၃၁ ရက် နေ့အထိ ဆောင်ရွက်ခဲ့ကြောင်း။

- လုပ်ငန်းဆောင်ရွက်မှု အဆင့်နှစ်အနေဖြင့် ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများကို Pilot Project အနေဖြင့် စတင်ကောက်ယူခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စတင်ကောက်ယူနေပြီဖြစ်ကြောင်း။

- e-ID စနစ်နှင့် ကောက်ယူထားရှိသည့် Data များသည် Big Data များဖြစ်ပြီး လူပုဂ္ဂိုလ်ဆိုင်ရာ အချက်အလက်များဖြစ်သည့်အပြင် နိုင်ငံတော်အတွက် အရေးကြီးသည့် National Database ဖြစ်၍ ယင်းတို့ကို လုံခြုံအောင် ထိန်းသိမ်းရန် အရေးကြီးကြောင်း။

- e-ID တွင် ပါဝင်သည့် National Database အပါအဝင် ဝန်ကြီးဌာနထဲတွင် ပြုစုထိန်းသိမ်းထားသည့် Database များသည် ပြည်သူများအပေါ် ချပြ၍ရသည့် Database များရှိသကဲ့သို့ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် လုံခြုံရေးအရ ထုတ်ဖော်ချပြ၍ မရသည့် Database များလည်းရှိကြောင်း၊ Cyber Security ဆိုင်ရာ လုံခြုံမှုစနစ်များ အဆင့်လိုက်ထားရှိပြီး ကွန်ရက်လုံခြုံမှု စောင့်ကြည့်စနစ် (Network Monitoring System) များ ထားရှိရန်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ် ကွန်ရက်တုံ့ပြန်မှုစနစ် (Myanmar Computer Emergency Response Team) အနေဖြင့်လည်း အင်အားထပ်မံဖြည့်ဆည်းပြီး ကွန်ရက်လုံခြုံမှုများ တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက National Database စနစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေး အကြံပြုတင်ပြကြရာ National Database စနစ်တည်ဆောက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **e-ID စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ကိုယ်ရေးအချက်အလက်များ (Biographic Data) ကောက်ယူပြီး Database အတွင်း ထည့်သွင်းခြင်း၊ ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) ကောက်ယူခြင်း၊ စိစစ်ခြင်းနှင့် Unique ID (UID) နံပါတ်ထုတ်ပေးခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ကတ်ပုံစံအလွတ်များ ထုတ်လုပ်ခြင်း၊ ကတ်ပုံစံအလွတ်များတွင် ကိုယ်ရေးအချက်အလက်များထည့်သွင်းခြင်းနှင့် e-ID စနစ်လုပ်ငန်းစဉ်ကို ကြီးကြပ်ကွပ်ကဲခြင်း စသည့်အဆင့် (၅)ဆင့်နှင့် အကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်။**
- **e-ID တွင် ပါဝင်သည့် National Database အပါအဝင် ဝန်ကြီးဌာနထဲတွင် ပြုစုထိန်းသိမ်းထားသည့် Database များသည် ပြည်သူများအပေါ် ချပြ၍ရသည့် Database များရှိသကဲ့သို့ နိုင်ငံတော်နှင့် ဝန်ကြီးဌာနအတွက် လုံခြုံရေးအရ ထုတ်ဖော်ချပြ၍ မရသည့် Database များလည်းရှိ။**
- **Cyber Security ဆိုင်ရာ လုံခြုံမှုစနစ်များ အဆင့်လိုက်ထားရှိပြီး ကွန်ရက်လုံခြုံမှုစောင့်ကြည့်စနစ် (Network Monitoring System) များထားရှိရန်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်ကွန်ရက်တုံ့ပြန်မှုစနစ် (Myanmar Computer Emergency Response Team) အနေဖြင့်လည်း အင်အားထပ်မံဖြည့်ဆည်းပြီး ကွန်ရက်လုံခြုံမှုများ တိုးမြှင့်လုပ်ဆောင်သွားရမည်ဖြစ်။**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုး မဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားနေမှု**

၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ ၅ ရက်တွင် **"ပညာရေးကို မြှင့်တင်ဖို့ ဆရာအင်အားဖြည့်ဆည်းစို့" "The Teachers we need for education we want: The global imperative to reverse the teacher shortage"** ဆောင်ပုဒ်ဖြင့် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံယူနက်စကိုအမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာဆရာမများကိုလည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခမ်းအနားတွင် တေးသီချင်း၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ပြီးနောက် ရက္ခဖေဒဌာနမှ အငြိမ်းစားဆရာကြီးဆရာမကြီး ၁၂ ဦး၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာမြင့်ဆွေနှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာကြီး ဒေါက်တာမောင်ကျော်တို့အား ဂါရဝပြုကန်တော့ခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမျှထန်နှင့် ဒေါက်တာဘရွှေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာဆရာမများ၊ ပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသည့် ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။







**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးများနှင့် ထူးချွန်ဆရာဆရာမများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်နေမှု**

NUG အကြမ်းဖက်အဖွဲ့က တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်များပညာတတ်များမဖြစ်စေရေး ပညာရေးကဏ္ဍအား အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ ပြုလုပ်နေသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် လုံခြုံရေးအပါအဝင် ကဏ္ဍပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၀-၂၀၂၃)**

- **၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို "ပညာရေးကို မြှင့်တင်ဖို့ ဆရာအင်အားဖြည့်ဆည်းစို့" ဆောင်ပုဒ်ဖြင့် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပခဲ့။**
- **အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားခဲ့။**
- **NUG အကြမ်းဖက်အဖွဲ့က တိုင်းပြည်၏အနာဂတ်ဖြစ်သည့် လူငယ်များပညာတတ်များမဖြစ်စေရေး ပညာရေးကဏ္ဍအား အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေသော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြင့်မားတိုးတက်စေရေးအတွက် လုံခြုံရေးအပါအဝင် ကဏ္ဍပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိ။**

## ၂၀၂၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ








# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်။

- အောက်တိုဘာလ ၃ ရက်တွင် ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်နယ်စပ်ဒေသ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးလူငယ်သင်တန်းကျောင်း စုပေါင်းခန်းမ၌ ဆီဆိုင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး ချီးမြှင့်ငွေများကို ပေးအပ်ခဲ့။
- ဆိုက်ခေါင်ကျေးရွာရှိ ကန့်တန်အခြေခံပညာ မူလတန်းလွန်ကျောင်း၊ ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးခဲ့။
- ကျွန်းတောင် - ကျောက်တလုံးကြီး - နောင်ယာဆိုင်း - ဆိုက်ခေါင် - ပွန်ချောင်း - မောက်မယ်လမ်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့။
- အောက်တိုဘာလ ၅ ရက်တွင် ပင်လောင်းမြို့နယ် ဘက်စုံသုံးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့။
- နောင်တရားမြို့ နောင်တရားပရိယတ္တိစာသင်တိုက်၌ နောင်တရားမြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများကို ပေးအပ်ခဲ့။
- တီကျစ်မြို့ ဆည်ခေါင်းရွာရှိ စိုက်ပျိုးရေးစံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုပြီး တောင်သူများအား နေကြာမျိုးစေ့နှင့် သဘာဝမြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့။

တွေ့ဆုံပွဲများတွင် တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များက လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၀-၂၀၂၃)**









- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်နှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်၊ ပင်လောင်းနှင့် နောင်တရားမြို့နယ်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့။

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး "(၁၂) ကြိမ်မြောက် အာရှ - ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ်" သို့ အွန်လိုင်းဖြင့် တက်ရောက်




ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရားလွှတ်တော်ချုပ်မှ ကြီးမှူး၍ (၁၂) ကြိမ်မြောက် အာရှ - ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ် (The 12th International Legal Forum of the Asia-Pacific Region) ကို အောက်တိုဘာလ ၅ ရက်တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်တက်ရောက်ခဲ့ပါသည်။

ဖိုရမ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev က အဖွင့်အမှာ စကားပြောကြားပြီးနောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးက တက်ရောက်လာကြသည့် အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဖိုရမ်တွင် **"မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် တရားစီရင်ရေး၏ အခန်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ပါဝင်ဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါ ဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၀-၂၀၂၃)**

- **(၁၂) ကြိမ်မြောက် အာရှ - ပစိဖိတ်ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ်ကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့။**
- **ဖိုရမ်တွင် "မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၏ အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့် တရားစီရင်ရေး၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသောင်းနိုင်က ပါဝင်ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီးများ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ




**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံနေမှု**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi အား အောက်တိုဘာလ ၆ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

- **နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများညှိနှိုင်းပေါင်းစပ်ရေးကော်မတီက မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီမှုအရ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေးနှင့် နေရာချထားရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်နေသည့် အစီအမံများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များတွင် လိုအပ်သလို ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်တွင်းခရီးသွားလာခွင့်နှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များဆောင်ရွက်ပေးရေး၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ လူသားချင်းစာနာမှု အကူအညီလိုအပ်သူနှင့် နေရပ်စွန့်ခွာသူဆိုင်ရာ ကိန်းဂဏန်းထုတ်ပြန်ရာတွင် မြေပြင်အခြေအနေနှင့် ကိုက်ညီစေရေးအတွက် ဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက်မျှဝေရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အား လက်ခံတွေ့ဆုံနေမှု**

ဆွေးနွေးပွဲများသို့ ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပြီး ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်တွင်းခရီးသွားလာခွင့်နှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များ ဆောင်ရွက်ပေးရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် (၄၅) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ဆွေးနွေး

(၄၅) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၄ ရက်တွင် ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ Virtual စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

(၄၅) ကြိမ်မြောက် အာဆီယံလယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး (Forty-Fifth Meeting of the ASEAN Ministers on Agriculture and Forestry - 45th AMAF) ၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆွေးနွေးပြောကြားရာတွင်-

- အာဆီယံနိုင်ငံများ၏ စားရေရိက္ခာ၊ စိုက်ပျိုးရေး သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊




တရုတ်၊ အိန္ဒိယ၊ ဂျာမနီ၊ အီတလီ စသည့်ဆွေးနွေးဖက်နိုင်ငံများ၊ ဥရောပသမဂ္ဂ၊ နိုင်ငံတကာစိုက်ပျိုးရေးသုတေသနဆိုင်ရာ အကြံပေးအဖွဲ့ - CGIAR ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုပါကြောင်း။

- အာဆီယံအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသဘာပတိကတင်ပြခဲ့သော အစီရင်ခံစာနှင့် အကြံပြုချက်များကို လက်ခံအတည်ပြုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။


အဆိုပါအစည်းအဝေးတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများမှ ထွက်ပေါ်လာသောရလဒ်များ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု မူဝါဒမူဘောင်အရ အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည့်အပြင် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ကတိကဝတ်ပြုခဲ့ကြပါသည်။

ထို့နောက် (၄၅)ကြိမ်မြောက် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ ပူးတွဲကြေညာချက်အပေါ် အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၀-၂၀၂၃)**

- **(၄၅) ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အာဆီယံနိုင်ငံများမှ တာဝန်ရှိသူများသည် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများမှ ထွက်ပေါ်လာသောရလဒ်များ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်မှု မူဝါဒမူဘောင်အရ အကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးခဲ့။**

# (၂၃)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်ဆွေးနွေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် အောက်တိုဘာလ ၆ ရက်တွင် (၂၃) ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများ အစည်းအဝေးသို့ Virtual စနစ်ဖြင့် တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က-

- မြန်မာနိုင်ငံအနေနဲ့ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန် ရိက္ခာထားရှိရေး သဘောတူညီချက်အရ ၂၀၂၃ ခုနှစ်မှ ၂၀၂၇ ခုနှစ်များအတွက် လုပ်ငန်းလည်ပတ်မှု ရန်ပုံငွေကို ထည့်ဝင်ခဲ့ပြီးဖြစ်ကြောင်း။
- ယခုလက်ရှိတွင် အရေးပေါ်ဆန်အရန်ရိက္ခာထားရှိရေး သဘောတူညီချက်၏ လုပ်ငန်းစဉ်တစ်ဖြစ်သည့် သတ်မှတ်သိုလှောင်ဆန်ကို စီးပွားရေးနည်းလမ်းဖြင့် ဖြန့်ဝေခြင်းအစီအစဉ်အရ ဖိလစ်ပိုင်နိုင်ငံမှ ဝယ်ယူလိုသည့် ဆန်တန်ချိန် ၁၄,၀၀၀ ကို မြန်မာနိုင်ငံမှ ရောင်းချပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးကို အာဆီယံအရေးပေါ် ဆန်အရန်ရိက္ခာထားရှိရေးအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း။
- စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးတွင် အထောက်အကူများစွာပြုသည့်အတွက် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတို့၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- (၈) ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များ၏ အစည်းအဝေး အစီရင်ခံစာတွင် ဖော်ပြပါရှိသော ၂၀၂၂-၂၀၂၃ အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့်လုပ်ငန်းများကို အားရကျေနပ်မိကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် အာဆီယံ-တရုတ် ပိုးမွှားရောဂါ

ကာကွယ်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များကိုလည်း ချီးကျူးဂုဏ်ပြုအပ်ကြောင်း ပြောကြားခဲ့။

အစည်းအဝေးများတွင် စားရေရိက္ခာဖူလုံမှုအပါအဝင် ဇီဝဒြပ်ထုစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး၊ သစ်တောကဏ္ဍရေရှည်တည်တံ့စေရေးဆိုင်ရာစီမံခန့်ခွဲမှု၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး၊ တိရစ္ဆာန်ရောဂါများနှင့် အပင်ပိုးမွှားများ ကာကွယ်နှိမ်နင်းနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ စိုက်ပျိုးရေးဆိုင်ရာထွက်ကုန်များ ထုတ်လုပ်မှုစွမ်းအားတိုးမြင့်စေရေး၊ အရည်အသွေး ကောင်းမွန်စေရေးနှင့် ဈေးကွက်ရရှိစေရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ သတင်းအချက်အလက်များ ဖလှယ်မှုပြုနိုင်ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့တွင် သက်ဆိုင်ရာလုပ်ငန်းများကို အပေါင်းသုံးနိုင်ငံများမှ နည်းပညာအထောက်အပံ့များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကူညီထောက်ပံ့ပေးခြင်းကြောင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုး တက်မှုအတွက် အထောက်အကူပြုမှုအခြေအနေများ ဆွေးနွေးခဲ့ပြီး (၂၃) ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး၏ ပူးတွဲကြေညာချက်နှင့် (၈)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှား ရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **ဖိလစ်ပိုင်နိုင်ငံမှ ဝယ်ယူလိုသည့် ဆန်တန်ချိန် ၁၄,၀၀၀ ကို မြန်မာနိုင်ငံမှ ရောင်းချပေးရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးကို အာဆီယံအရေးပေါ်ဆန်အရန်ရိက္ခာထားရှိရေးအတွင်းရေးမှူးချုပ်ရုံးမှတစ်ဆင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိ။**
- **စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အာဆီယံအပေါင်းသုံးနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးတွင် အထောက်အကူများစွာပြုသည့်အတွက် စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍတို့၌ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။**

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်

ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ လူသားများနှင့် သဘာဝတရားအကြား သဟဇာတဖြစ်သော ဖွံ့ဖြိုးမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စသည့်ကဏ္ဍသုံးခုကို ချိတ်ဆက်ပေးရန် ရည်ရွယ်ကျင်းပသည့် တတိယအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးကျန်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Nyingchi မြို့တွင် အောက်တိုဘာလ ၄ ရက်မှ ၆ ရက် အထိ ကျင်းပလျက်ရှိရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်လျက်ရှိပါသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာ စကားပြောကြားရာ-

- မြန်မာနိုင်ငံအနေဖြင့် သစ်တောများကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံ၏ဦးစားပေးကဏ္ဍအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။






- ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် သဘာဝအခြေပြုလုပ်ငန်းများ အကောင် အထည်ဖော်ရေးအတွက် လက်တွေ့ကျ၍ ခိုင်မာသောမူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် အကြံပြုလိုပါကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြားနှင့် ပိုးလမ်းမနှင့်ရပ်ဝန်းဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။
- Nyan-gchi မြို့တွင် သတင်းမီဒီယာများ၏ ဖိုရမ်နှင့် ပတ်သက်သည့် မေးမြန်းချက်များကို ဖြေကြားခဲ့ပြီး တိဗက်ယဉ်ကျေးမှုနှင့် ရှေးဟောင်းအမွေအနှစ်ပြခန်းသို့ သွားရောက်လေ့လာကြည့်ရှုခဲ့။
- အောက်တိုဘာ ၅ ရက်က ပြည်ထောင်စုဝန်ကြီးသည် လူလန်မြို့၊ ဇာရှီဂန်တိဗက်ကျေးရွာသို့ သွားရောက်၍ ကျေးလက်ပြည်သူများ ပြည်သူအခြေပြု ခရီးသွားလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုလေ့လာခဲ့။
- အောက်တိုဘာလ ၆ ရက်၊ နံနက်ပိုင်းတွင် ဧရိယာဟက်တာ ၄၃၀၀ ကျယ်ဝန်းသော လူလန်သဘာဝတောထိန်းသိမ်းရေးနယ်မြေသို့ သွားရောက်လေ့လာခဲ့။
- မွန်းလွဲပိုင်းတွင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်မီတာ ၃,၀၀၀ ခန့်တွင် ရှိပြီး အကျယ်အဝန်း ၈,၇၃၇ ဟက်တာရှိသော ယနီးအမျိုးသားရေတိမ်ဒေသသို့ သွားရောက်လေ့လာခဲ့။
- ညနေပိုင်းတွင် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ လမလင်း ဗုဒ္ဓဘုရားကျောင်းသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုပြီး တိဗက်ရိုးရာဗိသုကာလက်ရာများနှင့် ဘာသာရေးဓလေ့ထုံးထမ်းများကို လေ့လာခဲ့။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာလ ၇ ရက်၊ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၀-၂၀၂၃)**

- **မြန်မာနိုင်ငံအနေဖြင့် သစ်တောများကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးလုပ်ငန်းများကို နိုင်ငံ၏ ဦးစားပေးကဏ္ဍအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**
- **မြန်မာနိုင်ငံအနေဖြင့် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြားနှင့် ပိုးလမ်းမနှင့် ရပ်ဝန်းဆိုင်ရာကိစ္စရပ်များတွင် တက်ကြွစွာဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့၏ (ပထမအကြိမ်) စွမ်းအင်ဖိုရမ်သို့ တက်ရောက်




စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကာဇက်စတန်နိုင်ငံ၊ Astana မြို့၌ အောက်တိုဘာလ ၃ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (ပထမအကြိမ်) စွမ်းအင်ဖိုရမ်သို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက-

- မြန်မာနိုင်ငံတွင် စွမ်းအင်အရင်းအမြစ်များစွာရှိပြီး ထုတ်လုပ်နိုင်မှုတွင် အကန့်အသတ်များရှိနေသောကြောင့် "SCO" နှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း။
- လက်ရှိစွမ်းအင်ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများ၊ ကျောက်မီးသွေးနှင့် ရေအားလျှပ်စစ်စီမံကိန်းများ၊ အပူစွမ်းအင် (Geothermal) ဆိုင်ရာစီမံကိန်းများ၊ ဆိုလာ (Solar) စီမံကိန်းများရပြီး ရုပ်ကြွင်းလောင်စာဖြစ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ တို့၏ထုတ်လုပ်နိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ရင်းနှီးသော မိတ်ဘက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ လိုအပ်ကြောင်း ပြောကြားခဲ့။
- ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်အတွင်း ကာဇက်စတန်သမ္မတနိုင်ငံ၊ ကျောက်မီးသွေးထွက်ရှိရာဒေသဖြစ်သော Karaganda ၏ Deputy Governor Mr. Vadim Borisovich နှင့်လည်းကောင်း၊ ဓာတ်မြေဩဇာအများဆုံးထုတ်လုပ်နေသော KazPhosphate ကုမ္ပဏီမှ Deputy Director General Mr. Gani Toksanbaev နှင့်လည်းကောင်း၊ KazMunayGas ကုမ္ပဏီမှ Strategy and Investment Director ဦးဆောင်သောအဖွဲ့နှင့်လည်းကောင်း စွမ်းအင်ဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အောက်တိုဘာလ ၅ ရက်၊ နံနက်ပိုင်းတွင် ကာဇက်စတန်နိုင်ငံ၊ စွမ်းအင်ဝန်ကြီး Mr. Satkaliyev Almassadam နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေ၍ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ယူရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ယူနိုင်ရေး နည်းပညာဆိုင်ရာများ၊ Human Resource (HR) ဆိုင်ရာများ၊ အထူးသဖြင့် ရေနံရှာဖွေရေးဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ရေနံဓာတုဘာသာရပ်များနှင့် သတ္တုဗေဒဘာသာရပ်များကို Academic သာ





မဟုတ်ဘဲ On-job Training သင်တန်းများ ကူညီပေးနိုင်ရန် ဆွေးနွေးပြောကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ကာဇက်စတန်နိုင်ငံရှိ Astana မြို့တော်ရှိ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်၍ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် သန့်စင်သောကျောက်မီးသွေးကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုအခြေအနေကို လေ့လာကြည့်ရှုခဲ့ပါသည်။

အောက်တိုဘာလ ၆ ရက်၊ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းသမ္မတ၏ လက်ထောက်အကြံပေးနှင့် ရုရှားနည်းပညာစောင့်ကြည့်လေ့လာရေးအဖွဲ့ ပြည်သူ့ဆက်ဆံရေးဆိုင်ရာ ဒုတိယအဖွဲ့ခေါင်းဆောင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ Roscongress Investment (RCI) အား လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံအသစ် တည်ဆောက်ခြင်းအတွက် ရေနံတင်သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မည့် ရေနက်ဆိပ်ကမ်း မဖြစ်မနေ လိုအပ်ချက်၊ ၂၀၂၄ ခုနှစ်၊ ဇလာဒီဗော့စတော့ခ်၌ ကျင်းပမည့် Energy Forum သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများအား ဖိတ်ကြားမည့်ကိစ္စ၊ နှစ်နိုင်ငံ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ ရေနံချက်စက်ရုံ တည်ဆောက်ရေးနှင့်ပတ်သက်၍ Refinery Process များ တိုးတက်လာသဖြင့် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် လောင်စာဆီများထုတ်လုပ်နိုင်သည့် နည်းစနစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၈-၁၀-၂၀၂၃)**

- မြန်မာနိုင်ငံတွင် စွမ်းအင်အရင်းအမြစ်များစွာရှိပြီး ထုတ်လုပ်နိုင်မှုတွင် အကန့်အသတ်များရှိနေသောကြောင့် "SCO" နှင့် ပူးပေါင်းဆောင်ရွက်လို။
- မြန်မာနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ရင်းနှီးသောမိတ်ဘက်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလို။
- မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိနေ၍ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ယူရန်လည်း ကြိုးပမ်းလျက်ရှိ။
- ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ကျောက်မီးသွေးမှ လျှပ်စစ်ထုတ်ယူနိုင်ရေး နည်းပညာဆိုင်ရာများ၊ Human Resource (HR) ဆိုင်ရာများ၊ အထူးသဖြင့် ရေနံရှာဖွေရေး ဘာသာရပ်၊ ရေနံအင်ဂျင်နီယာဘာသာရပ်၊ ရေနံဓာတုဘာသာရပ်များနှင့် သတ္တုဗေဒဘာသာရပ်များကို Academic သာမဟုတ်ဘဲ On-job Training သင်တန်းများ ကူညီပေးနိုင်ရန် ဆွေးနွေးခဲ့။
- ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပမည့် Energy Forum သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများအား ဖိတ်ကြား။
- ရေနံချက်စက်ရုံ တည်ဆောက်ရေးနှင့်ပတ်သက်၍ Refinery Process များ တိုးတက်လာသဖြင့် နိုင်ငံတကာ စံနှုန်းနှင့်ကိုက်ညီသည့် လောင်စာဆီများထုတ်လုပ်နိုင်သည့် နည်းစနစ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိန္ဒိယနိုင်ငံ၊ HMT International Ltd. ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် အိန္ဒိယနိုင်ငံ၊ Hindustan Machine Tools (HMT) International Ltd. ၏ General Manager ဖြစ်သူ Mr. Y.K. Vaish ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အောက်တိုဘာလ ၆ ရက်တွင် စက်မှုဝန်ကြီးဌာန၊ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် စက်မှုသင်တန်းကျောင်း (မုံရွာ)နှင့် စက်မှုသင်တန်းကျောင်း (သထုံ) အမြန်ဆုံးဖွင့်လှစ်နိုင်ရေး၊ စက်မှုသင်တန်းကျောင်းများရှိ ဆရာ၊ ဆရာမများအတွက် နည်းပ

ညာဆိုင်ရာ နည်းပြသင်တန်းများပံ့ပိုးပေးနိုင်ရေး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် သံမဏိထုတ်လုပ်မှု၊ ရော်ဘာစီးပွားဖြစ် ထုတ်လုပ်မှုဆိုင်ရာသင်တန်းများ၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နည်းပညာသင်တန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းရည်မြှင့်တင်မှုဆိုင်ရာသင်တန်းများ ပို့ချနိုင်ရေးကိစ္စရပ်များ၊ စက်ပစ္စည်းကိုင်တွယ်ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ ပညာတော်သင်များ စေလွှတ်ပေးနိုင်ရေးနှင့် လိုအပ်သည့်ကူညီမှုများ ဆက်လက်ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ၊ HMT International Ltd. ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံပြီး စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စွမ်းရည်မြှင့်တင်မှုဆိုင်ရာသင်တန်းများ ပို့ချနိုင်ရေးကိစ္စရပ်များ၊ စက်ပစ္စည်းကိုင်တွယ်ထိန်းသိမ်းမှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး၊ အိန္ဒိယနိုင်ငံသို့ ပညာတော်သင်များစေလွှတ်ပေးနိုင်ရေးနှင့် လိုအပ်သည့်ကူညီမှုများ ဆက်လက်ပံ့ပိုးပေးနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ National Research Nuclear University (Moscow Engineering Physics Institute-MEPhI) တက္ကသိုလ်နှင့် နျူကလီးယားနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများရေးထိုး




အဏုမြူစွမ်းအင်၊ နျူကလီးယားနည်းပညာ ဘာသာရပ်များအပါအဝင် သိပ္ပံနည်းပညာနှင့် အင်ဂျင်နီယာဘာသာရပ်များတွင် ပူးပေါင်းဆောင်ရွက်ကာ နိုင်ငံတော်အကျိုးပြု စွမ်းအားစုများအဖြစ် အရည်အသွေးပြည့်မီသော နည်းပညာရှင်များကို မွေးထုတ်ရေးနှင့် ပြည်သူ့အကျိုးပြု သုတေသနများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် သိပ္ပံနှင့်

နည်းပညာဝန်ကြီးဌာနမှ အဓိကရည်ရွယ်ကာ တက္ကသိုလ်သုံးခုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ National Research Nuclear University (Moscow Engineering Physics Institute-MEPhI) တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာလ ၆ ရက်တွင် ရန်ကုန် နည်းပညာတက္ကသိုလ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားရာ-

- ယနေ့ကျင်းပသည့် အခမ်းအနားသည် နှစ်နိုင်ငံကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုအတွက် ထူးခြားပြီး အရေးပါသည့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းပင်ဖြစ်ကြောင်း။
- Ranking မြင့်မားသည့်အထင်ကရ MEPhI တက္ကသိုလ်နှင့် မိမိတို့တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရသည်ကို ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ချူကလီးယားနည်းပညာကဏ္ဍမြင့်မားရေးအတွက် အပြန်အလှန်ဖလှယ်ကာ မြင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ MEPhI တက္ကသိုလ် ဒုတိယပါမောက္ခချုပ် Dr. Dmitry A Savkin က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) တို့နှင့် MEPhI တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြကာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန Documentry သီချင်းနှင့် MEPhI တက္ကသိုလ် Documentry ဗီဒီယိုတို့ကို ကြည့်ရှုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၇-၁၀-၂၀၂၃)**

- **နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသည် နှစ်နိုင်ငံကြားခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် သိပ္ပံနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှုအတွက် ထူးခြားပြီးအရေးပါသည့် မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခြင်းပင်ဖြစ်။**
- **ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ MEPhI တက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်နည်းပညာတက္ကသိုလ်၊ သတင်းအချက်အလက် နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် (ကျောက်ဆည်) တို့နှင့် MEPhI တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့။**

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများကို သက်ဆိုင်ရာ မြို့နယ်အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့ရာ-

- အောက်တိုဘာလ ၄ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့ရှိ တပ်နယ်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီး ၁ ဦးအားလည်းကောင်း။
- အောက်တိုဘာလ ၅ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ၌ ရေဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသား ၄ ဦးတို့အားလည်းကောင်း ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲ



**ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၌ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်နေမှု**



**အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်နေမှု**

ပြောင်းအပ်နှံပေးပြီး လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့။

- တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားပြီး အောက်တိုဘာလ ၅ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင်အမျိုးသား ၅၁၈ ဦးနှင့် အမျိုးသမီး ၁၄၉ ဦး၊ စုစုပေါင်း ၆၆၇ ဦး ရှိပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၆-၁၀-၂၀၂၃)**

- အမရပူရ၊ ကျုံပျော်နှင့် ရေကြည်မြို့နယ်တို့မှ PDF အဖွဲ့ဝင်အမျိုးသား ၄ ဦးနှင့် အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၅ ဦးတို့ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံ။
- တာဝန်ရှိသူများက နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့။
- အောက်တိုဘာလ ၅ ရက်အထိ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ PDF အဖွဲ့ဝင် အမျိုးသား ၅၁၈ ဦးနှင့် အမျိုးသမီး ၁၄၉ ဦး၊ စုစုပေါင်း ၆၆၇ ဦး ရှိပြီဖြစ်။

## အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းများတွေ့ရှိရသဖြင့် ကုန်ရထားခရီးစဉ်များ ကြန့်ကြာမှုဖြစ်ပွား



**ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင် ၁၂၀/၇-၈ ရှိ တံတားအမှတ် (၁၇၉) အနီးတွင် ဗိုင်ယာကြိုးများနှင့် သွယ်တန်းထားသည့် မိုင်းဟုယူဆရသော ဆာလာအိတ်နှင့်ထည့်ထားသော ကော်ပုံး ၂ ပုံးနှင့် ကီးပတ်ဖုန်း**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ရန်ကုန်-မန္တလေး ရထားလမ်းမကြီး၏ တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင် ၁၂၀/၇-၈ ရှိ တံတားအမှတ် (၁၇၉) အနီး၌ အောက်တိုဘာလ ၄ ရက်၊ နံနက် ၈ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်နေစဉ် ဗိုင်ယာကြိုးများနှင့် သွယ်တန်းထားသည့် မိုင်းဟုယူဆရသော ဆာလာအိတ်နှင့် ထည့်ထားသော ကော်ပုံး ၂ ပုံးကို တွေ့ရှိခဲ့ပါသည်။ အဆိုပါ ကော်ပုံးများအား စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ရှိသူများက လာရောက်၍ မိုင်းရှင်းလင်းမှုဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပြီးစီးခဲ့ပါသည်။

အဆိုပါဖြစ်စဉ်ကြောင့် အမှတ် (၉၂၃) အဆန် ကုန်ရထား၊ အမှတ် (၉၀၄) အစုန် ကုန်ရထားနှင့် အမှတ် (၉၀၂) အစုန် ကုန်ရထားတို့သည် နီးစပ်ရာဘူတာများတွင် စောင့်ဆိုင်းရပ်နားခဲ့ရပြီး မိုင်းရှင်းလင်းပြီးချိန်အထိ အချိန် ၁ နာရီခန့် ကြန့်ကြာမှု ဖြစ်ပွားခဲ့ပါသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်မိုင်းထောင်ဖောက်ခွဲမှုလုပ်ရပ်သည် ပုံမှန်ဖြတ်သန်းသွားလာနေသော လူစီးရထားများနှင့် ခရီးသွားပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာမက ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကိုပါ ထိခိုက်ပျက်စီးရန် ရည်ရွယ်

ချက်ရှိရှိ လုပ်ဆောင်ခဲ့သည့် ယုတ်မာပက်စက်မှုများဖြစ်ပြီး ယခုဖြစ်စဉ်တွင် ရထားအား အချိန်မီမရပ်တန့်နိုင်ခဲ့ပါက ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှု ကြီးမားစွာကြုံတွေ့နိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်ပါသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မှု ၁၂၆ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပါသည်။

နိုင်ငံတော်အနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် လူစီးရထားများ၊ ကုန်ရထားခရီးစဉ်များ အချိန်မှန်ကန်စွာ တိုးချဲ့ပြေးဆွဲနိုင်ရေး အဘက်ဘက်မှ စီစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း ယခုကဲ့သို့ ဖြစ်စဉ်များကြောင့် ရထားပြေးဆွဲမှု နှောင့်နှေးကြန့်ကြာစေပြီး ခရီးသွားပြည်သူများနှင့် ကုန်စည်များ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေရန် ယုတ်မာရက်စက်စွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ကျူးလွန်နေကြသည့် အကြမ်းဖက်အဖွဲ့များအား ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၅-၁၀-၂၀၂၃)**

- **တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာအကြား မိုင်တိုင် ၁၂၀/၇-၈ ရှိ တံတားအမှတ် (၁၇၉) အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လှည့်ကင်းဆောင်ရွက်နေစဉ် ဝိုင်ယာကြိုးများနှင့် သွယ်တန်းထားသည့် မိုင်းဟုယူဆရသော ကော်ပုံး ၂ ပုံးကို တွေ့ရှိခဲ့။**
- **စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ရှိသူများက လာရောက်၍ မိုင်းရှင်းလင်းမှု ဆောင်ရွက်ခဲ့။**
- **ယခုဖြစ်စဉ်တွင် ရထားအား အချိန်မီမရပ်တန့်နိုင်ခဲ့ပါက ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှု ကြီးမားစွာကြုံတွေ့နိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခုဖြစ်။**
- **အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မှု ၁၂၆ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၅ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့။**

## ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတို့တွင် ရထားလမ်းများ ရေကျော်နေသဖြင့် လူစီးရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့

ပဲခူးတိုင်းဒေသကြီးအတွင်း အောက်တိုဘာလ ၈ ရက်၊ နံနက်ပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းလာခြင်းနှင့် ဇောင်းတူဆည်နှင့် ကဒူကွင်းဆည်တို့၏ ရေပိုလွှဲရေကျော်စီးဆင်းလာခြင်းတို့ကြောင့် မန္တလေးမှ ထွက်ခွာလာသော အမှတ် (၄) အစုန် လူစီးအမြန်ရထားသည် ပျဉ်ပုံကြီးဘူတာ၌လည်းကောင်း၊ မော်လမြိုင်မှ ထွက်ခွာလာသော အမှတ် (၈၂) အစုန် လူစီးအမြန်ရထားသည် ဝေါဘူတာ၌လည်းကောင်း အသီးသီးရောက်ရှိနေပြီး ရေပြန်လည်ကျဆင်းမည့်အချိန်ကို စောင့်ဆိုင်းလျက်ရှိပါသည်။

ရထားလမ်းရေကျော်တက်မှု ကြာမြင့်နိုင်မည့်အခြေအနေကြောင့် မြန်မာ့မီးရထား တာဝန်ရှိသူများက အမှတ်(၄) အစုန် လူစီးအမြန်ရထားမှ ခရီးသည် ၃၀၀ ဦးခန့်အား နေ့လယ်စာထမင်းဘူးများ၊ သောက်ရေ/သုံးရေများ အဆင်ပြေစေရန် စီစဉ်




ဆောင်ရွက်ပေးခဲ့ပြီး ရထားပေါ်၌ ရှိနေသော ရန်ကုန်သို့ သွားရောက်မည့် ခရီးသည် ၂၂၅ ဦးအား မော်တော်ယာဉ်ကြီး ၅ စီးဖြင့် ပျဉ်ပုံကြီးမှ ရန်ကုန်ဘူတာကြီးအထိ ဆက်လက်ရွှေ့ပြောင်းပို့ဆောင်ပေးလျက်ရှိပါသည်။ ထို့အတူ အမှတ် (၈၂) အစုန်အမြန်ရထားတွဲဆိုင်းအား ကလိဘူတာသို့ရွှေ့ပြောင်းပြီးနောက် ခရီးသည် ၅၇၀ ဦးတို့အား မော်တော်ယာဉ်ကြီး ၁၀ စီးဖြင့် ရန်ကုန်ဘူတာကြီးသို့ ရွှေ့ပြောင်းပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ရထားလမ်း ရေကျော်တက်မှုအခြေအနေသည် ရထားများ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိသောကြောင့် မြန်မာ့မီးရထားအနေဖြင့် ညနေပိုင်းတွင် ရန်ကုန်နှင့် မန္တလေးတို့မှ စတင်ထွက်ခွာမည့် အစုန်/အဆန် အမြန်ရထား ၄ စင်းတို့၏ ခရီးစဉ်များကို ဖျက်သိမ်းခဲ့ပါသည်။ မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် ရေကျော်တက်နေသည့် ရထားလမ်းပိုင်းအတွင်း ရေပြန်လည်ကျဆင်းသွားချိန်တွင် လမ်း၏ကြံ့ခိုင်မှုအခြေအနေကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မွမ်းမံပြင်ဆင်၍ ရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၁၀-၂၀၂၃)**

- **ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းတို့တွင် ရထားလမ်းများ ရေကျော်နေသဖြင့် လူစီးရထားခရီးစဉ်များ ခေတ္တရပ်နားခဲ့။**
- **ရထားလမ်းရေကျော်တက်မှု ကြာမြင့်နိုင်မည့်အခြေအနေကြောင့် တာဝန်ရှိသူများက ခရီးသည်များအတွက် နေ့လယ် စာထမင်းဘူးများ၊ သောက်ရေ/သုံးရေများ အဆင်ပြေစေရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်များအား မော်တော်ယာဉ်ကြီးဖြင့် ဆက်လက်ရွှေ့ပြောင်း ပို့ဆောင်ပေးလျက်ရှိ။**

# ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ အောက်တိုဘာလ ၇ ရက်နှင့် ၈ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေသည် စိုးရိမ်ရေအမှတ်၊ ၈၈၀ စင်တီမီတာ အထက် ၆၈ စင်တီမီတာ (၂ ပေခန့်) အထိ မြင့်တက်လာပြီး ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် (၈) ခုနှင့် ကျေးရွာ (၂) ခုတို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပါသည်။

အဆိုပါရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ကွပ်ကဲမှုအောက်ရှိ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ ပါသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပဲခူးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ထမင်းဗူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၉-၁၀-၂၀၂၃)**

- **ပဲခူးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပဲခူးမြစ်ရေသည် (၂ ပေခန့်) အထိ မြင့်တက်ပြီး ပဲခူးမြို့ပေါ်ရှိ ရပ်ကွက် (၈) ခုနှင့် ကျေးရွာ (၂) ခုတို့တွင် ရေကြီးရေလျှံ မှုများဖြစ်ပေါ်ခဲ့။**
- **နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ယာယီကယ်ဆယ်ရေးစခန်းများသို့ ရွှေ့ပြောင်းကူညီပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့။**

## ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







## ပဲခူးမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





